**ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၆)ပထမနေ့(၅. ၁၂. ၂၀၁၆) ရက်နေ့တွင် ရပ်စောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်ညီညီကျော် တင်သွင်းသည့်ဝမ်းနည်းကြောင်းအဆိုဆိုင်ရာ ဆောင်ရွက်ချက်များ**

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၁)ဖြစ်ပါတယ်။အစီအစဉ် အရ ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ကွယ်လွန်အနိစ္စ ရောက်ရှိခြင်းအတွက် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ဝမ်းနည်းကြောင်းအဆို တင်သွင်းဖို့ ဖြစ်ပါတယ်။

**ဦးခိုင်ညီညီကျော်၊ ရပ်စောက်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာနေ့လည်ခင်းပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်ညီညီကျော် ဖြစ်ပါတယ်။ကျွန်တော့်အနေနဲ့ ယခုကျင်းပလျက်ရှိသော ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေးမှာ ဝမ်းနည်းကြောင်းအဆိုတစ်ရပ်ကို တင်သွင်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ညောင်ရွှေမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဖြစ်သူ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးထွန်းရင်သည် ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ (၁၂)ရက်နေ့တွင် တောင်ကြီးမြို့၌ ကွယ်လွန်အနိစ္စရောက်ခဲ့ပါတယ်။ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးထွန်းရင် ကွယ်လွန်အနိစ္စရောက်ခြင်းအတွက် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၂၁ (က) အရ ဝမ်းနည်းကြောင်းအဆိုကို လွှတ်တော်သို့ တင်သွင်းအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ရပ်စောက်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁) ဦးခိုင်ညီညီကျော်က ညောင်ရွှေမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးထွန်းရင်သည် ၁၂-၁၀-၂၀၁၆ ရက်နေ့တွင် ကွယ်လွန်အနိစ္စရောက်ရှိသွားပါသဖြင့် ဝမ်းနည်းကြောင်း အဆိုကို ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၂၁ (က)အရ လွှတ်တော်သို့တင်သွင်းလာပါတယ်။ ဒီအဆိုဟာ လွှတ်တော်ရဲ့ အများဆန္ဒနဲ့ကိုက်ညီပြီး လွှတ်တော်က သဘောတူတယ်လို့ မှတ်ယူပါတယ်။ ဒါကြောင့် ညောင်ရွှေမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းရင် ကွယ်လွန်အနိစ္စ ရောက်ရှိခြင်းအတွက် တင်သွင်းသည့် ဝမ်းနည်းကြောင်းအဆိုအား လွှတ်တော်က မှတ်တမ်းတင်ပါတယ်။